ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံရုံး
ပေကျင်းမြို့

No. 6, Dong Zhi Men Wai Street, Chao Yang District,
Beijing 100600, People's Republic of China
Tel : 0086 10 6532 0351, 6532 0412
Fax : 0086 10 65320408

# တရုတ်နိုင်ငံ၌ ဖမ်းဆီးထိန်းသိမ်းခြင်းခံနေရသည့် မြန်မာသင်္ဘောသားများနှင့်ပတ်သက်၍ အသိပေးခြင်း (၆၁)

၁။ Sierra Leone နိုင်ငံပိုင် ကုန်တင်သင်္ဘောဖြစ်သော WAN MEI (အမည်လွှဲ) သင်္ဘောပေါ်တွင် လိုက်ပါလာသည့် မြန်မာသင်္ဘောသား (၆) ဦးတို့အား သာမန်ကုန်ပစ္စည်းများ မှောင်ခိုရောင်းဝယ်ရေး ပြစ်မှု ကျူးလွန်ခြင်းမသင်္ကာမှုဖြင့် ထိန်းသိမ်းထားခြင်းနှင့်ပတ်သက်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ Hainan Maritime Police Bureau မှ မြန်မာသံရုံး၊ ပေကျင်းမြို့သို့ စာပေးပို့အကြောင်းကြားလာပါသည်။

၂။ အဆိုပါစာတွင် အောက်ပါအဓိကအချက်များ ဖော်ပြပါရှိပါသည်-

- Hainan Maritime Police Bureau သည် ၁၁-၁၂-၂၀၂၁ ရက်နေ့၊ (၀၅၄၆) နာရီအချိန်တွင် Hainan ပြည်နယ်၏ အရှေ့မြောက်ပိုင်း ပင်လယ်ရပ်ဝန်း၌ Sierra Leone နိုင်ငံပိုင်ကုန်တင်သင်္ဘောဖြစ်သော CHANG WIN 1 ကို စစ်ဆေးဖမ်းဆီးခဲ့ပါကြောင်း၊
- အဆိုပါသင်္ဘော၌ သင်္ဘောသားစုစုပေါင်း (၂၀) ဦးလိုက်ပါလာကြပြီး (၁၉) ဦးမှာ မြန်မာနိုင်ငံသား သင်္ဘောသားများဖြစ်ပါကြောင်း၊
- CHANG WIN 1 သင်္ဘောသည် နိုဝင်ဘာလ လလယ်ပိုင်းတွင် ထိုင်ဝမ် (တရုတ်တိုင်ပေ) မှ ဆီတန်ချိန် (၈,၀၀၀) ကို တင်ဆောင်ကာ Hainan ပြည်နယ်၏ အရှေ့မြောက်ပိုင်း ပင်လယ်ရပ်ဝန်းသို့ လာရောက်၍ တရားမဝင် ကူးသန်းရောင်းဝယ်မှုများကို ပြုလုပ်ခဲ့ကြောင်း၊
- လက်ရှိတွင် သင်္ဘောပေါ်၌ ဆီ တန်ချိန် (၁၉၀၀) ကျန်ရှိနေပြီး သင်္ဘောအား Haikou မြို့ ဆိပ်ကမ်း အမှတ် (၃) ကျောက်ချသည့်နေရာ၌ ဆိုက်ကပ်ထားပါကြောင်း၊
- ၁၂-၁၂-၂၀၂၁ ရက်နေ့တွင် Hainan Maritime Police Bureau အောက်ရှိ Haikou Maritime Police Bureau မှ အမှုကိစ္စအား လက်ခံဆောင်ရွက်ခဲ့ပြီး Haikou မြို့ ကျန်းမာရေးဝန်ကြီးဌာနမှ အဆိုပါအမှုနှင့်သက်ဆိုင်သည့် လူပုဂ္ဂိုလ်၊ သင်္ဘောနှင့် သင်္ဘော၌ တင်ဆောင်လာသောပစ္စည်းများကို NAT စစ်ဆေးခဲ့ရာ အားလုံးမှာ Negative (-) ဖြစ်ပါကြောင်း၊

- ယခုအခါ မြန်မာသင်္ဘောသား (၁၉) ဦးတို့အား Quarantine နေထိုင်ရန်စီစဉ်ထားရှိပြီး အမှုကိစ္စအတွက် စုံစမ်းစစ်ဆေးမှုများကို သက်ဆိုင်ရာဌာနများနှင့် ဆက်သွယ်၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

၃။ အဆိုပါအမှုကိစ္စနှင့်ပတ်သက်၍ မြန်မာသံရုံး၊ ပေကျင်းမြို့အနေဖြင့် Hainan Maritime Police Bureau သို့ စကားပြောကြေးနန်းဖြင့် ဆက်သွယ်မေးမြန်းခဲ့ရာ မြန်မာသင်္ဘောသား (၁၉) ဦးအနက် သင်္ဘောကပ္ပတိန်အပါအဝင် အရာရှိ (၅) ဦးနှင့် အခြားအဆင့် (၁) ဦး စုစုပေါင်း (၆) ဦးတို့အား အမှုဆက်လက်စစ်ဆေးရန်အတွက် ယာယီထိန်းသိမ်းထားပါကြောင်း၊ ကျန်မြန်မာသင်္ဘောသား (၁၃) ဦးတို့အား လက်ရှိတွင် သင်္ဘောပေါ်၌ ထားရှိထားပြီး မြန်မာနိုင်ငံသို့ ပြန်လည်ပို့ဆောင်ရန်အတွက် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း သိရှိရပါသည်။

၄။ မြန်မာသံရုံး၊ ပေကျင်းမြို့အနေဖြင့် အဆိုပါအမှုကိစ္စနှင့်ပတ်သက်၍ အမှုအမြန်ပြီးပြတ်စေရေး၊ အမှုကို သက်ညှာစွာစဉ်းစားပေးနိုင်ရေး၊ မြန်မာသံရုံး/ မိသားစုဝင်များနှင့် တယ်လီဖုန်းပြောဆိုခွင့်ရရှိရေး၊ မြန်မာသံရုံး/ မိသားစုဝင်များထံ စာရေးသားပေးပို့နိုင်ရေးနှင့် မြန်မာသံရုံး/ မိသားစုဝင်များထံမှ စာရေးသားပေးပို့နိုင်ရေး၊ ကောင်စစ်ဆိုင်ရာတွေ့ဆုံခွင့်ရရှိရေး၊ ဖမ်းဆီးထိန်းသိမ်းခံရစဉ်ကာလအတွင်း ကောင်းမွန်စွာစားသောက်နေထိုင်နိုင်ရေးနှင့် အခြားလိုအပ်သည်များကို ပံ့ပိုးကူညီဆောင်ရွက်ပေးရေးတို့အတွက် သက်ဆိုင်ရာနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါသည်။

၅။ တရားမဝင်မှောင်ခိုပစ္စည်းများ တင်ဆောင်သည့် သင်္ဘောများမှ မြန်မာသင်္ဘောသားများ ဖမ်းဆီးထိန်းသိမ်းခံထားရသည့်ဖြစ်စဉ်များ ထပ်မံဖြစ်ပွားလျက်ရှိခြင်းကြောင့် တရုတ်နိုင်ငံသို့ ဝင်/ ထွက်လျက်ရှိသည့် သင်္ဘောများ၌ လိုက်ပါတာဝန်ထမ်းဆောင်ရာတွင် တရားမဝင်မှောင်ခိုပစ္စည်းများ တင်ဆောင်သည်ဟု ယူဆရသည့်သင်္ဘောများတွင် လိုက်ပါမှုမရှိစေရေး သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းပူးပေါင်းပါဝင်ကြပါရန်နှင့် အထူးဂရုပြုဆောင်ရွက်ကြပါရန် ထပ်လောင်းအသိပေးအပ်ပါသည်။

မြန်မာသံရုံး၊ ပေကျင်းမြို့

၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်

EMBASSY OF THE REPUBLIC OF THE UNION OF MYANMAR
012
BEIJING